# အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်း

## နိဒါန်း

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ တရားသူကြီးချုပ်များသည် -

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တရားရေးကဏ္ဍများအကြားတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများမှတစ်ဆင့် အာဆီယံဒေသတွင်းတွင် ဒီမိုကရေစီစနစ်တောင့်တင်းခိုင်မာစေရန်၊ ကောင်းမွန်သည့် အုပ်ချုပ်မှု မြင့်မားလာစေရန်၊ တရားဥပဒေစိုးမိုးရေး အခြေခံမှုများ ဖွံ့ဖြိုးတိုးတက်စေရန် ငြိမ်းချမ်းတည်ငြိမ်ပြီး သာယာဝပြောလာစေရန် ဆန္ဒရှိကြ၍လည်းကောင်း၊

၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင်တည်ထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အာဆီယံပဋိညာဉ်စာတမ်း၊ နောက်ဆက်တွဲ-၂ အရ အာဆီယံနှင့်ဆက်နွယ်သည့် အဖွဲ့အစည်းအဖြစ် အသိအမှတ် ပြုခြင်းခံရသည့် အာဆီယံတရားသူကြီးချုပ်များကောင်စီ (ကောင်စီ) (ယခင် အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေးဟုခေါ်တွင်သည့်) ၏ အောင်မြင်မှုများကို ကျေနပ်အားရစွာ အသိအမှတ်ပြု၍ လည်းကောင်း၊

အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်၏ ဥပဒေဆိုင်ရာနှင့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်ကို ဤပဋိညာဉ်စာတမ်းဖြင့် ထူထောင်ရန် ဆုံးဖြတ်ကြသည်။

ဤကိစ္စအလို့ငှာ အာဆီယံတရားသူကြီးချုပ်များသည် စင်ကာပူနိုင်ငံ၌ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ (၆) ကြိမ်မြောက်အစည်းအဝေးတွင် စုစည်းတွေ့ဆုံကြလျက် ဤပဋိညာဉ်စာတမ်းအား သဘောတူချမှတ်ကြပါသည်။

## အခန်း (၁)  ရည်ရွယ်ချက်များ

### အပိုဒ် (၁)

### ကောင်စီ၏ ရည်ရွယ်ချက်များ

ကောင်စီ၏ ရည်ရွယ်ချက်များမှာ -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တရားစီရင်ရေးကဏ္ဍများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နှင့် ဒေသတွင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းမြှင့်တင်ရန်

(ခ) အာဆီယံတရားသူကြီးချုပ်များအချင်းချင်း ဘုံပြဿနာများအပေါ် အမြင်ချင်း ဖလှယ်ရန်နှင့် အတွေ့အကြုံကောင်းများ ဝေမျှနိုင်ရန်အတွက် ပုံမှန်တွေ့ဆုံဆွေးနွေးရန်
(ဂ) ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အာဆီယံ၏ ဥပဒေမူဘောင်ကို မြှင့်တင်နိုင်ရန်အတွက် တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လွယ်ကူချောမွေ့အောင်ဆောင်ရွက်ရန်
(ဃ) အာဆီယံနိုင်ငံများရှိ တရားစီရင်ရေးကဏ္ဍများ၏ စွမ်းဆောင်ရည်အတွက် အထူးအားဖြင့် တရားဥပဒေစိုးမိုးရေးထိန်းသိမ်းမှုနှင့် နည်းပညာပိုင်းဆိုင်ရာ တရားစီရင်ရေး လေ့ကျင့် သင်ကြားပေးမှုများတွင် ပူးပေါင်းဆောင်ရွက်ရန်

## အခန်း (၂) အဖွဲ့ဝင်ဖြစ်ခြင်း

### အပိုဒ် (၂)

### ကောင်စီအဖွဲ့ဝင်များ

အာဆီယံတရားသူကြီးချုပ်များကောင်စီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ တရားသူကြီးချုပ်များ ပါဝင်ရမည်။

ဤပဋိညာဉ်စာတမ်းတွင် “တရားသူကြီးချုပ်” ဟူသည့် စကားရပ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရှိ အမြင့်ဆုံးသော တရားစီရင်ရေးအဖွဲ့အစည်း၏ အကြီးအကဲကို ရည်ညွှန်းခြင်းဖြစ်ရမည်။

### အပိုဒ် (၃)

### အခွင့်အရေးနှင့်တာဝန်များ

၁။ အဖွဲ့ဝင်များသည် ဤပဋိညာဉ်စာတမ်းအရ တူညီသည့် အခွင့်အရေးနှင့် တာဝန်များရှိရပါမည်။
၂။ တရားသူကြီးချုပ်များအနေဖြင့် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ဖြေရှင်းဆုံးဖြတ်ချက်များ၊ နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်များနှင့် ဆုံးဖြတ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်သည့် အစီအမံအားလုံးကို ဆောင်ရွက်ရမည်။
၃။ တရားသူကြီးချုပ်များသည် အစီရင်ခံစာများ၊ အဆိုပြုချက်များ၊ လေ့လာမှုများ တင်သွင်းခြင်းနှင့် အခြားသောကိစ္စများကို ဆောင်ရွက်ရာ၌ အပိုဒ် (၁၁) အရ ဖွဲ့စည်းတည်ထောင်ထားသည့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်တာများကို လွယ်ကူချောမွေ့စေအောင် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ရမည်။

## အပိုဒ် (၄)
## အဖွဲ့ဝင်သစ်များ လက်ခံခြင်း

၁။ ဤပဋိညာဉ်စာတမ်းကို ပြဋ္ဌာန်းပြီးနောက် အာဆီယံနိုင်ငံအဖြစ် ဝင်ခွင့်ရရှိထားသည့် နိုင်ငံတိုင်း၏ တရားသူကြီးချုပ်များသည် အာဆီယံတရားသူကြီးချုပ်များကောင်စီသို့ ဝင်ခွင့် ရှိစေရမည်။

၂။ အာဆီယံတရားသူကြီးချုပ်များကောင်စီသို့ အဖွဲ့ဝင်အဖြစ် ဝင်ခွင့်အတွက် ရေးသား လျှောက်ထားလွှာကို အာဆီယံတရားသူကြီးချုပ်များကောင်စီ ဥက္ကဋ္ဌထံ လိပ်မူလျက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးသို့ တင်သွင်းရမည်။

၃။ ရေးသားလျှောက်ထားလွှာနှင့်အတူ ဖြစ်နိုင်သမျှ အောက်ပါစာရွက်စာတမ်းများ ပါရှိရမည် -

(က) လျှောက်ထားသူ တရားသူကြီးချုပ် တည်ရှိသည့် တရားရုံးတည်ထောင်ဖွဲ့စည်းမှု၊ အဆိုပါ လျှောက်ထားသူ တရားသူကြီးချုပ်အား ခန့်အပ်မှု၊ ရာထူးအဆင့်အတန်းနှင့် ပတ်သက်သည့် ဥပဒေ စာမှတ်စာတမ်းများ

(ခ) လျှောက်ထားသူ တရားသူကြီးချုပ် တည်ရှိသည့် တရားရုံးစီရင်ပိုင်ခွင့် သဘောသဘာဝ နှင့် အတိုင်းအတာကို ဖော်ပြသည့် စာတမ်းအမှတ်အသားများ

(ဂ) ဤပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို လက်ခံကြောင်း လျှောက်ထားသူ တရားသူကြီးချုပ် ကိုယ်တိုင်လက်မှတ်ရေးထိုးလျက် အာဆီယံတရားသူကြီးချုပ်များကောင်စီ ဥက္ကဋ္ဌထံသို့ တင်သွင်းသည့် စာ

၄။ ယင်းလျှောက်လွှာနှင့် လိုအပ်သည့် စာရွက်စာတမ်းများကို လက်ခံရရှိပြီးနောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ ဥက္ကဋ္ဌသည် အဖွဲ့ဝင်များအားလုံးသို့ ယင်းစာရွက် စာတမ်းများ၏ မိတ္တူများကို ဖြန့်ဝေရမည်။

၅။ အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုရန်ကို အာဆီယံတရားသူကြီးချုပ်များကောင်စီက ဤပဋိညာဉ် စာတမ်း အပိုဒ်(၆) တွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆုံးဖြတ်ရမည်။

## အပိုဒ် (၅)
## အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း

၁။ အဖွဲ့ဝင်တစ်ဦးသည် မည်သည့်အချိန်၌မဆို အာဆီယံတရားသူကြီးချုပ်များကောင်စီမှ ၎င်းအနေဖြင့် နုတ်ထွက်လိုကြောင်း အာဆီယံတရားသူကြီးချုပ်များကောင်စီ ဥက္ကဋ္ဌသို့ ရေးသားထားသည့် အကြောင်းကြားစာဖြင့် တရားဝင်ကြေညာနိုင်သည်။

၂။ အာဆီယံတရားသူကြီးချုပ်များကောင်စီ ဥက္ကဋ္ဌသည် အဆိုပါ နုတ်ထွက်လိုကြောင်း ကြေငြာချက်ကို အဖွဲ့ဝင်အားလုံးသို့ အကြောင်းကြားအသိပေးရမည်။

## အခန်း (၃) ဆုံးဖြတ်ချက်ချမှတ်ခြင်း

### အပိုဒ် (၆)
### ညှိနှိုင်းတိုင်ပင်ခြင်းနှင့် တူညီဆန္ဒယူခြင်း

၁။ အခြေခံစည်းမျဉ်းအဖြစ်၊ အာဆီယံတရားသူကြီးချုပ်များကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ညှိနှိုင်းတိုင်ပင်ခြင်းနှင့် တူညီဆန္ဒယူခြင်းတို့အပေါ်တွင် အခြေပြုရမည်။

၂။ အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးတစ်ရပ်ကို အဖွဲ့ဝင်တစ်ဦးဦးက မတက်ရောက်ခြင်းကြောင့် အစည်းအဝေးတွင် အဖွဲ့ဝင်များက တူညီဆန္ဒဖြင့် ဖြေရှင်းဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မချမှတ်နိုင်ခြင်း မဖြစ်စေရ။ သို့ရာတွင် ယင်းသို့ ချမှတ်လိုက်သည့် ဖြေရှင်းဆုံးဖြတ်ချက်တစ်ရပ်အပေါ် အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒရရှိမှသာ အတည်ဖြစ်စေရမည်။

## အခန်း (၄) အစည်းအဝေးများ

### အပိုဒ်(၇)
### အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အစည်းအဝေးများ

၁။ အာဆီယံတရားသူကြီးချုပ်များကောင်စီသည် အဖွဲ့ဝင်နိုင်ငံများက တူညီဆန္ဒဖြင့် ဆုံးဖြတ်သည့်အချိန်ကာလနှင့် နေရာတို့တွင် ရိုးရိုးပုံမှန်အစည်းအဝေးများကို ကျင်းပရမည်။

၂။ အာဆီယံတရားသူကြီးချုပ်များကောင်စီသည် မည်သည့်ကိစ္စရပ်အတွက်မဆို အထူးအစည်းအဝေးများကိုလည်း ကျင်းပရန် ခေါ်ယူနိုင်သည်။

## အခန်း (၅) အုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်း

### အပိုဒ်(၈)
### ကောင်စီ ဥက္ကဋ္ဌ

၁။ ကောင်စီ၏ ဥက္ကဋ္ဌ (ဥက္ကဋ္ဌ ဟုခေါ်တွင်သည့်) ကို အာဆီယံတရားသူကြီးချုပ်များကောင်စီ ရိုးရိုး ပုံမှန်အစည်းအဝေး စတင်ကျင်းပချိန်တွင် အများသဘောဆန္ဒဖြင့် ရွေးချယ်ရမည်ဖြစ်ပြီး ယင်း၏သက်တမ်းသည် ရွေးချယ်တင်မြှောက်သည့် နေ့ရက်မှ နောက်ထပ်ရိုးရိုးပုံမှန်အစည်းအဝေးတွင် နောက်ထပ် ဥက္ကဋ္ဌအသစ်အား ရွေးချယ်ပြီးသည်အထိ ဖြစ်စေရမည်။

၂။ ဥက္ကဋ္ဌသည် -

(က) ကောင်စီနှင့် နီးနွယ်ဆက်စပ်နေသည့် ကိစ္စရပ်အားလုံးအတွက် ကောင်စီကို ကိုယ်စားပြုစေရမည်။

(ခ) ကောင်စီ၏ ကိစ္စရပ်များနှင့်စပ်လျဥ်း၍ ကောင်စီဥက္ကဋ္ဌအဖြစ်ဖြင့် အခြားသောနိုင်ငံများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် စာရေးသားဆက်သွယ်ရမည်။
(ဂ) ကောင်စီက ချမှတ်လိုက်သည့် ဖြေရှင်းဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။ ထို့ပြင်
(ဃ) ဖြေရှင်းဆုံးဖြတ်ချက်တစ်ရပ်နှင့် ပတ်သက်ခြင်းမရှိသော မည်သည့်ကိစ္စရပ် နှင့်စပ်လျဥ်း၍ဖြစ်စေ အခြားသောတရားသူကြီးချုပ်များနှင့် ညှိနှိုင်းတိုင်ပင်၍ တူညီဆန္ဒဖြင့် ဆက်လက်ဆောင်ရွက်ရမည်။
၃။ ဥက္ကဋ္ဌသည် အကြောင်းကိစ္စတစ်ရပ်ရပ်ကြောင့် မသန်မစွမ်းဖြစ်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်း၏ တာဝန်ဝတ္တရားများကို မဆောင်ရွက်နိုင်တော့လျှင်ဖြစ်စေ ယခင် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံ၏ တရားသူကြီးချုပ်သည် ဥက္ကဋ္ဌတာဝန်ကို အဆိုပါ အရည်အချင်းပျက်ယွင်းမှုအား ဖြေရှင်းပြီးသည့် အချိန်အထိသော်လည်းကောင်း သို့တည်းမဟုတ် အာဆီယံတရားသူကြီးချုပ်များကောင်စီက နောက်ထပ် ဥက္ကဋ္ဌသစ်အား ရွေးချယ်ပြီးသည့်အချိန်ထိ သော်လည်းကောင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။
၄။ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တရားသူကြီးချုပ် အပြောင်းအလဲဖြစ်ပါက တရားသူကြီးချုပ်အသစ်သည် ကျန်ရှိသော ဥက္ကဋ္ဌသက်တမ်းအတွက် ဥက္ကဋ္ဌရာထူးတာဝန်ကို အလိုအလျောက် ထမ်းဆောင်ရမည်။

## အပိုဒ် (၉)

## အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးနှင့် ဆက်သွယ်ရေးအရာရှိများ

၁။ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တရားသူကြီးချုပ်များကောင်စီနှင့် ဥက္ကဋ္ဌအား အုပ်ချုပ်မှုရေးရာ ပံ့ပိုးကူညီမှုများ ပေးနိုင်ရန်အတွက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အမြဲတမ်းအတွင်းရေးမှူးရုံးတစ်ရပ် ထားရှိရမည်။
၂။ အာဆီယံတရားသူကြီးချုပ်များကောင်စီသည် သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွက် အာဆီယံတရားသူကြီးချုပ်များ အတွင်းရေးမှူးရုံးကို လက်ခံဖွင့်လှစ်မည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အများသဘောဆန္ဒဖြင့် ရွေးချယ်ရမည်။
၃။ တရားသူကြီးချုပ်တိုင်းသည် အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးနှင့် မိမိအကြား ဆက်သွယ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန် ဆက်သွယ်ရေးအရာရှိတစ်ဦးကို ခန့်အပ်ထားရှိရမည်။
၄။ အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးတွင် အဖွဲ့ဝင်နိုင်ငံများမှ ဆက်သွယ်ရေးအရာရှိအားလုံး ပါဝင်စေရမည်။

၅။ အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးကို ဖွင့်လှစ်ထားရှိသည့် နိုင်ငံ၏ ဆက်သွယ်ရေးအရာရှိသည် အာဆီယံတရားသူကြီးချုပ်များကောင်စီတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ကောင်စီဥက္ကဋ္ဌရှိသည့် နိုင်ငံ၏ ဆက်သွယ်ရေးအရာရှိသည် ဒုတိယ အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

၆။ အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးသည် ဤပဋိညာဉ်စာတမ်း အပိုဒ် ၁၁ အရ ကောင်စီက ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ (လုပ်ထုံးလုပ်နည်းများ) နှင့်အညီ အီးမေးလ်လိပ်စာတစ်ရပ်နှင့် စာပေးစာယူဆက်သွယ်ရမည့် လိပ်စာတို့ကို ထားရှိရ မည်။

၇။ အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးသည် ဤပဋိညာဉ်စာတမ်း နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံးအား လက်ခံဖွင့်လှစ်သည့် အဖွဲ့ဝင်နိုင်ငံအနေနှင့် အတွင်းရေးမှူးရုံး၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျသည့် စရိတ်စကအားလုံးကို ကျခံရမည်။

## အပိုဒ် (၁၀)
## ပဋိညာဉ်စာတမ်းအား ပြင်ဆင်ချက်များ

၁။ မည်သည့်အဖွဲ့ဝင်ကမဆို ဤပဋိညာဉ်စာတမ်းအပေါ် ပြင်ဆင်ချက်များ အဆိုပြုနိုင် သည်။

၂။ အဆိုပြုထားသည့် ပဋိညာဉ်စာတမ်းပြင်ဆင်ချက်များကို အာဆီယံတရားသူကြီးချုပ် များကောင်စီ ရိုးရိုးပုံမှန် သို့တည်းမဟုတ် အထူးအစည်းအဝေးတွင် ကောင်စီ၏ အဆုံးအဖြတ် ကို ရယူရန်အတွက် အတွင်းရေးမှူးရုံးသို့ တင်သွင်းရမည်။

၃။ ကောင်စီ၏ တူညီဆန္ဒအရ သဘောတူညီခဲ့သည့် ပဋိညာဉ်စာတမ်းပြင်ဆင်ချက် တစ်ရပ်သည် ကောင်စီက ဆုံးဖြတ်သည့် နေ့ရက်တွင် အတည်ဖြစ်စေရမည်။

၄။ ကောင်စီတွင် အဖွဲ့ဝင်ဖြစ်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုအပေါ် ကိုယ်စားပြု ခြင်း မရှိတော့သည့်အခါ ကောင်စီသည် ယင်း၏အမည်ကို ပြောင်းလဲရန်သော်လည်းကောင်း ဖျက်သိမ်းရန်သော်လည်းကောင်း ဆုံးဖြတ်နိုင်သည်။

## အပိုဒ် (၁၁)
## လုပ်ထုံးလုပ်နည်းများ

ကောင်စီသည် ဤပဋိညာဉ်စာတမ်း၏ အစိတ်အပိုင်းတစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ဖြစ်စေ သို့တည်းမဟုတ် ယင်းနယ်ပယ်အတွင်းရှိ လုပ်ငန်းတစ်ရပ်ရပ်အပေါ် ဆောင်ရွက်ချက်

သို့တည်းမဟုတ် တာဝန်တစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ဖြစ်စေ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်သည် သို့တည်းမဟုတ် ယင်းလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်သည်။

## အပိုဒ် (၁၂)
## အခြားအဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ခြင်း

ကောင်စီသည် တူညီဆန္ဒဖြင့် သဘောတူညီထားသည့် အတိုင်းအတာအရ ပုဂ္ဂိုလ် တစ်စုံတစ်ယောက်အား အစည်းအဝေးများသို့ ဖိတ်ကြားနိုင်သည်။

## အပိုဒ်(၁၃)
## လုပ်ငန်းဆိုင်ရာ ဘာသာစကား

အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ လုပ်ငန်းဆိုင်ရာ ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကား ဖြစ်သည်။

## အပိုဒ်(၁၄)
## ကောင်စီ၏ အမှတ်တံဆိပ်

အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အမှတ်တံဆိပ်ကို အောက်ပါအတိုင်း သတ်မှတ်သည် -

# အခန်း (၆) လုပ်ငန်းအဖွဲ့များ

## အပိုဒ်(၁၅)
## လုပ်ငန်းအဖွဲ့များ

၁။ ကောင်စီသည် ဤပဋိညာဉ်စာတမ်း၏ အပိုဒ်(၁) တွင် ပါရှိသည့်အတိုင်း ကောင်စီ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သီးသန့် လုပ်ငန်းစီမံချက်များအတွက် လုပ်ငန်းအဖွဲ့များကို ထူထောင်နိုင်သည်။

၂။ လုပ်ငန်းအဖွဲ့တိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ တရားစီရင်ရေးကဏ္ဍများမှ ကိုယ်စားလှယ်များ ပါဝင်စေရမည်ဖြစ်ပြီး အဆိုပါကိုယ်စားလှယ်များက မိမိတို့ထဲမှ တစ်ဦးကို အဆိုပါလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ (လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ) အဖြစ် ရွေးချယ်ရမည်။

၃။ လုပ်ငန်းအဖွဲ့တိုင်းသည် အာဆီယံတရားသူကြီးချုပ်များကောင်စီက သဘောတူထားသည့် အဖွဲ့၏ ရည်ရွယ်ချက်များအတိုင်း အစီရင်ခံစာများ၊ အဆိုပြုချက်စာတမ်းများ၊ လေ့လာမှု

များနှင့် အခြားသောကိစ္စရပ်များကို ယင်းတို့၏ လုပ်ငန်းလမ်းညွှန်ချက်များအတွင်းမှ ဆောင်ရွက်ရမည်။

၄။ လုပ်ငန်းအဖွဲ့တစ်ခုချင်းစီ၏ ဥက္ကဋ္ဌသည် အာဆီယံအတွင်းရေးမှူးချုပ်များကောင်စီ အတွင်းရေးမှူးရုံးသို့ ယင်းတို့အဖွဲ့၏တိုးတက်မှု နောက်ဆုံးအခြေအနေများကို အမြဲမပြတ် တင်ပြရမည်ဖြစ်ပြီး အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ရိုးရိုးပုံမှန်အစည်းအဝေး သို့တည်းမဟုတ် အထူးအစည်းအဝေးမကျင်းပမီ ပြင်ဆင်ရာတွင် အနည်းဆုံးတစ်လ ကြိုတင်၍ သက်ဆိုင်ရာ အစီရင်ခံစာများ၊ အဆိုပြုချက်များ၊ လေ့လာမှုများနှင့် အခြားသော ကိစ္စရပ်များကို ပေးပို့ရမည်။

## အခန်း (၇) အပြီးသတ်ပြဋ္ဌာန်းချက်များ

### အပိုဒ်(၁၆)

### လက်မှတ်ရေးထိုးခြင်းနှင့် အာဏာသက်ရောက်ခြင်း

ဤပဋိညာဉ်စာတမ်းသည် ကောင်စီအဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုးသည့်နေ့တွင် စတင် အာဏာသက်ရောက်စေရမည်။

### အပိုဒ်(၁၇)

### ဥပဒေကြောင်းအရဆက်လက်တည်ရှိနေမှု

၁။ ဤပဋိညာဉ်စာတမ်း အတည်မဖြစ်မီကတည်းက အကျိုးသက်ရောက်မှုရှိပြီးဖြစ်သည့် အာဆီယံတရားသူကြီးချုပ်များကောင်စီက ဆောင်ရွက်ခဲ့သည့် ဖြေရှင်းဆုံးဖြတ်ချက်များ၊ နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်များနှင့် ဆုံးဖြတ်ချက်များသည် ဆက်လက်၍ အတည်ဖြစ်စေရမည်။

၂။ ယင်းစာချုပ်စာတမ်းများနှင့် ဤပဋိညာဉ်စာတမ်းအကြားတွင် အခါအားလျော်စွာ ပြုလုပ်ထားသည့် ပြင်ဆင်ချက်များအပါအဝင် ရှေ့နောက်ညီညွတ်မှုမရှိပါက ဤပဋိညာဉ် စာတမ်းကသာ လွှမ်းမိုး၍ အတည်ဖြစ်ရမည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများက အောက်တွင်ဖော်ပြထားသည့် နေ့ရက်နှင့် နေရာတို့တွင် အင်္ဂလိပ်ဘာသာဖြင့် လက်မှတ်ရေးထိုးပြုလုပ်ကြပါသည်။

ဤ ................. အား ..................... ၂၀၁၈/၂၀၁၉ နေ့ရက် .................... နိုင်ငံ၌ လက်မှတ်ရေးထိုးသည်။

×××××××××××××××××××

(တရားသူကြီးချုပ်၏အမည် သို့တည်းမဟုတ် သက်ဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံ၏ အခွင့်အာဏာရရှိသူ)